
mgyoe.com



# မြန်မာ့အိုးသမိုင်း

နှင့်

## ဖြည့်စွက်စာတမ်း ၈ စောင်

ဒေါက်တာသန်းထွန်း

mgyoe.com

mgyoe.com

# မြန်မာ့အိုးသမိုင်းနှင့် ဖြည့်စွက်စာတမ်း ၈ စောင်

## ဒေါက်တာသန်းထွန်း

၂၉.၁၀.၁၉၇၂ မှ ၄.၃.၁၉၇၃ထိ
ဟံသာဝတီသတင်းစာ တနင်္ဂနွေထုတ်အချပ်ပိုတို့တွင်
ထည့်သွင်းဖော်ပြခဲ့သော
ဆရာကြီးဒေါက်တာသန်းထွန်း၏
သမိုင်းသုတေသနဆောင်းပါးများထဲမှ
မြန်မာ့အိုးသမိုင်းစာတမ်း အပြည့်အစုံကို
စုစည်းထုတ်ဝေပါသည်။

DTH0014
1,500.00 KS

mgyoe.com

mgyoe.com

ဗိုလ်တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး နှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မြန်မာ့အိုးသမိုင်း

## နှင့် ဖြည့်စွက်စာတမ်း ၈ စောင်

## ဒေါက်တာသန်းထွန်း

ပထမအကြိမ်

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၅၀၀ ကျပ်

၈၀၈.၈၄

မြန်မာ့အိုးသမိုင်းနှင့်ပြည့်စွက်စာတမ်း ၈ စောင်
ဒေါက်တာသန်းထွန်း၊ -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၈၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) မြန်မာ့အိုးသမိုင်းနှင့်ပြည့်စွက်စာတမ်း ၈ စောင်

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | မြန်မာ့အိုးသမိုင်း (၁) | .... | ၁ |
| ၂။ | မြန်မာ့အိုးသမိုင်း (၂) | .... | ၁၀ |
| ၃။ | မြန်မာ့အိုးသမိုင်း (၃) | .... | ၁၇ |
| ၄။ | မြန်မာ့အိုးသမိုင်း (၄) | .... | ၂၃ |
| ၅။ | မြန်မာ့အိုးသမိုင်း ဖြည့်စွက်စာတမ်း (၁) | .... | ၂၇ |
| ၆။ | မြန်မာ့အိုးသမိုင်း ဖြည့်စွက်စာတမ်း (၂) | .... | ၃၆ |
| ၇။ | မြန်မာ့အိုးသမိုင်း ဖြည့်စွက်စာတမ်း (၃) | .... | ၄၂ |
| ၈။ | မြန်မာ့အိုးသမိုင်း ဖြည့်စွက်စာတမ်း (၄) | .... | ၄၆ |
| ၉။ | မြန်မာ့အိုးသမိုင်း ဖြည့်စွက်စာတမ်း (၅) | .... | ၅၇ |
| ၁၀။ | မြန်မာ့အိုးသမိုင်း ဖြည့်စွက်စာတမ်း (၆) | .... | ၆၄ |
| ၁၁။ | မြန်မာ့အိုးသမိုင်း ဖြည့်စွက်စာတမ်း (၇) | .... | ၇၀ |
| ၁၂။ | မြန်မာ့အိုးသမိုင်း ဖြည့်စွက်စာတမ်း (၈) | .... | ၇၅ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မြန်မာ့အိုးသမိုင်း (၁)

**(ဦးဝန် သဘာပတိမှုတဲ့ ၁၀ စက်တင်ဘာ ၁၉၇၂ ကန်သာစိမ်းလဲ့ နှစ်လည်ပွဲမှာ ဒီစာတမ်းကို ဖတ်တယ်)။**

အိုးကို မီးမဖုတ်ရင် ရေထည့်လို့ မရဘူး။ ရေထည့်လို့ရအောင် တီထွင်ဖန်တီးတဲ့ပုဂ္ဂိုလ်ကတော့ လူသားပဲ။ အဲဒါကြောင့် အိုးကို လူတွေ ဘယ်တုန်းကစပြီး ဖန်တီးခဲ့ကြတယ်ဆိုတာကို အရှေ့တောင်အာရှအခြေခံနဲ့ မြန်မာနိုင်ငံအခြေအနေကို တတ်နိုင်သလောက် ဖော်ထုတ်လေ့လာဖို့ လိုပါတယ်။

အနောက်အာရှနဲ့ အနီးအနားနိုင်ငံတွေမှာ ရှေးဟောင်းသုတေသနတူးဖော်ရေးက ဖော်ထုတ်ပေးတဲ့အတွက် သူတို့ဒေသတွေမှာ အိုးကို ဘယ်တုန်းက စသုံးတယ်ဆိုတာ သိပြီးပါပြီ။ ကျောက်သစ်ခေတ်စပြီးမှ အိုးပေါ်တယ်လို့ အရင်က ထင်ကြတယ်။ အခုတော့ စိုက်ပျိုးရေးမပေါ်ခင်ကဘဲ အိုးသုံးတဲ့နေရာလည်း ရှိတယ်။ ဂျာရီကိုမှာတော့ အစားအစာကို ထုတ်လုပ်နိုင်တဲ့ ခေတ်ဦးပိုင်းမှာ အိုးမရှိသေးဘူး။ အဲသည့်နေရာတွေမှာ အိုးကို အစောဆုံးသုံးတဲ့အချိန်ဟာ အရင်နှစ် ၈၀၀၀ လောက် က ဖြစ်တယ်။ အိုးထိန်းစက်ကတော့ အရင်နှစ် ၅၂၅၀ ထက် မစောဘူး။ စဥ့်သုတ် အိုးတွေကတော့ အရင်နှစ် ၂၉၀၀ လောက်ကမှ ပေါ်တယ်။ အဲဒီရက်စွဲတွေက အနောက်အာရှအတွက် ဖြစ်တယ်။ အရှေ့တောင်အာရှမှာ အခုတစ်လော တူးဖော် ရှာဖွေကြတော့ အဖြစ်အပျက်ပုံစံတစ်မျိုးကို တွေ့ရပါတယ်။

အစားအစာကို လိုက်ရှာရတဲ့အဆင့်က အစားအစာကို ထုတ်လုပ်နိုင်တဲ့

mgyoe.com

mgyoe.com


အဆင့်ထိအောင် တိုးတက်လာပုံမှာ အနောက်အာရှပုံစံနဲ့ အရှေ့တောင်အာရှပုံစံဟာ တစ်ထပ်တည်းမကျဘူး။ ဒါကြောင့် အနောက်အာရှ လူမှုတိုးတက်ရေးနဲ့ ဆိုင်တဲ့ ကျောက်ခေတ်ဟောင်း၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်သစ်ဆိုတဲ့ ဝေါဟာရတွေကိုလည်း မသုံးသင့်ဘူးလို့ အရှေ့တောင်အာရှဒေသတစ်ခုတည်း ကွက်ပြီး လေ့လာတဲ့ ပညာရှင်အချို့က ယူဆတယ်။ အဲဒီလူတွေက အရှေ့တောင်အာရှအတွက် လူမှုတိုးတက်ရေးမှာ ခေတ်ပိုင်းပုံတစ်မျိုးကို နာမည်သစ်တွေပါ တစ်ခါတည်း ထည့်ပြီး တင်ပြတယ်။ ရှေးရှေးကစပြီး အရင်နှစ် ၄၂၀၀၀ ထိ ကာလကို ကျောက်ကာလ (Lithic) ကျောက်ကာလလို့ ခေါ်မယ်။ အဲဒီအချိန်တုန်းက ကျောက်လက်နက် ရိုးရိုးလွယ်လွယ်ကလေးတွေကိုပဲ လုပ်ပြီး သုံးစွဲကြတယ်။

နောက်တစ်ခါ အရင်နှစ် ၄၂၀၀၀ က ၂၂၀၀၀ ထိကို သစ်သားကာလ (Lignic) လို့ ခေါ်မယ်။ အဲဒီအချိန်အတွင်းမှာ လူတွေဟာ သစ်သားနဲ့လုပ်တဲ့ လက်နက်ကိုပဲ သုံးကြတယ်။ သစ်သားဆိုတာမှာ ဝါးကိုလုပ်တဲ့ လက်နက်လည်း အများကြီးပါမယ်။

အဲဒီနောက် အရင်နှစ် ၂၂၀၀၀ က ၁၀၀၀၀ ထိကို ဒေသခွဲကာလ (Crystallitic) လို့ ခေါ်မယ်။ ဘာပြုလို့လဲဆိုတော့ အရှေ့တောင်အာရှမှာရှိတဲ့ လူတွေဟာ အုပ်စုတစ်ခုနဲ့တစ်ခု အဆက်အသွယ်ပြတ်စဲပြီး ကိုယ့်နေရာနဲ့ကိုယ် ဓလေ့ထုံးစံ အမျိုးမျိုးအဖုံဖုံ ပေါ်လာလို့ပဲ ဖြစ်တယ်။ ဒီကာလအတွင်းမှာ အရင်နှစ် ၂၂၀၀၀ က စလို့ပဲ သူ့နေရာနဲ့သူ ဖြစ်ထွန်းမယ့် သီးပင်ပွင့်ပင်တွေကို ရွေးချယ်ပြီး စိုက်ကြတယ်။ မွေးမြူလို့ လွယ်ကူမယ့် သတ္တဝါကိုလည်း ယဉ်အောင် မွေးလာကြတယ်။ သစ်သားလက်နက်အပြင် အသင့်အတင့်ချောအောင် သွေးထားတဲ့ ကျောက်လက်နက်တွေကိုလည်း သုံးကြတယ်။ အရင်နှစ် ၁၅၀၀၀ ရောက်တဲ့အခါကျ အိုးလုပ်ပြီး သုံးစွဲလာကြတယ်။ အရင်နှစ် ၁၂၀၀၀ ရောက်တဲ့အခါကျတော့ စိုက်ပျိုးမွေးမြူရေးကို နေရာတကာမှာ လုပ်တတ်ပြီလို့ ဆိုနိုင်ပါတယ်။

ဒေသခွဲကာလလွန်ပြန်တော့ ချဲ့ထွင်ရေးကာလ (Extensionistic) ရယ်လို့ ပေါ်ပြန်တယ်။ အရင်နှစ် ၁၀၀၀၀ က ၂၀၀၀ အထိပါပဲ။ အဲဒီအချိန်ရောက်မှပဲ လူတွေဟာ ဂူအောင်းရာက အပြင်ကို ထွက်လာနိုင်ကြတယ်။ စောစောက ပြင်းထန်တဲ့ ရာသီဥတုတွေဟာ တဖြည်းဖြည်း သင့်တင့်ညီညွတ်ပြီး အခုခေတ် ရာသီဥတုမျိုးလည်း ဖြစ်လာပြီ။ ဒါကြောင့်မို့ ဂူအောင်းစရာ မလိုတော့ဘူး။

အိုးလုပ်တဲ့ပညာကို အရင်နှစ် ၁၅၀၀၀ က တတ်တယ်ဆိုပေမဲ့ ပန်းရိုက်တဲ့ အိုးချောချောကတော့ အရင်နှစ် ၉၀၀၀ လောက်ကမှ စပေါ်တယ်။ ဒီလို အဆင့်

mgyoe.com

mgyoe.com


တစ်ဆင့်က နောက်တစ်ဆင့်ကိုတက်ဖို့ အချိန်ကာလ သိပ်ကြာတဲ့အကြောင်းက တော့ မြန်မာနိုင်ငံလို နေရာမျိုးဟာ အိုးမရှိဘဲ နေလို့ ဖြစ်တဲ့အတွက်ကြောင့်ပါပဲ။ မြန်မာ့သစ်တောတွေမှာ ဝါးပိုးဝါးကြီးတွေ ပေါတယ်။ ဘူးခါးလည်း လွယ်လွယ်ကူ ကူရတယ်။ ဝါးကျည်တောက်နဲ့ ဘူးတောင်းကို ရေသယ်ရာမှာရော ရေလှောင်ရာမှာ ရော သုံးလို့ဖြစ်တယ်။ အဲဒါကြောင့် အရင်အနှစ် ၈၀၀၀ လောက်က စပါးစိုက်ပျိုး ရေးတတ်လာတဲ့ အချိန်အထိတောင် ထမင်းချက်ချင်ရင် ဝါးကျည်တောက်နဲ့ပဲ ချက် မယ်လို့ တွေးနိုင်တယ်။ အခုထိအောင် ကောက်ညှင်းကိုချက်ရင် ဝါးကျည်တောက် ကိုပဲ သုံးနေကြသေးတယ်။ ကြေးအိုးကို အရင် အနှစ် ၇၆၀၀ လောက်က စသုံးခဲ့ ပါတယ်။ ဒါပေမဲ့ ဒီသတ္တုက ဖောဖောသီသီမရနိုင်လို့ ကြေးအိုးကို နေရာတကာမှာ များများ မသုံးနိုင်ဘူး။ မြေအိုးကိုပဲ ဒန်အိုးပေါ်တဲ့အထိ ဆက်သုံးကြတယ်။

အရှေ့တောင်အာရှတစ်ခုလုံးမှာပဲ အခုပြောတဲ့ ချဲ့ထွင်ရေးကာလမှာ အင်မတန်စည်ကားတဲ့ မြို့ကြီးရယ်လို့လည်း မရှိဘူး။ အင်အား သိပ်ကြီးမားတဲ့ မင်းဧကရာဇ်ရယ်လို့လည်း မပေါ်ဘူး။ အရင်နှစ် ၄၀၀၀ က ၃၀၀၀ အထိရောက်တဲ့ ကာလတိုင်အောင် ကြီးမားခိုင်ခံ့တဲ့ ခံတပ်ရယ်လို့လည်း ဘယ်မှာမှ မရှိဘူး။ ဒါ ကြောင့် အရှေ့တောင်အာရှမှာ အဲဒီအချိန်က ကြီးကျယ်တဲ့ စစ်မက်အရေးအခင်း လည်း မပေါ်ခဲ့ပါဘူး။

ခရစ်နှစ် စပေါ်တဲ့အချိန်မှာ အားပြိုင်ပွဲကာလ (Conflicting Empires) ပေါ်ပေါက်လာပါတယ်။ နိုင်ငံရေးအရ အိန္ဒိယ၊ တရုတ်နဲ့ ဥရောပနိုင်ငံအချို့ဟာ အရှေ့တောင်အာရှကို ကျူးကျော်လာကြတယ်။ သူတို့ဆီက ဓလေ့ထုံးတမ်းတွေ လည်း ကျူးကျော်လာကြတယ်။ ဒါကြောင့် ဒီကာလကို အားပြိုင်ပွဲကာလလို့ ခေါ်ရတယ်။ အဲဒီအချိန်မှာပဲ နိုင်ငံခြားကယူလာတဲ့ ပညာတစ်ရပ်အနေနဲ့ အိုးကို စဥ့်သုတ်တဲ့ပညာ မြန်မာနိုင်ငံမှာ ပေါ်လာပါတယ်။ အမှန်ကတော့ မြန်မာနိုင်ငံမှာ ခရစ်နှစ် ၁၁ ရာစုကို ရောက်တဲ့အခါမှ စဥ့်သုတ်တဲ့ပစ္စည်းတွေကို ဖောဖောသီသီသုံး တာကို တွေ့ရပါတယ်။ ဒီနေရာမှာ သတိပေးစကားတစ်ခု ပြောလိုပါတယ်။ အခု ပြောပြီးခဲ့တဲ့ ခေတ်ကာလ ပိုင်းခြားချက်တွေ ပညာရပ်စတင်တဲ့နှစ် ဖော်ပြချက်တွေ ဟာ ယာယီဆုံးဖြတ်ချက်တွေပဲ ရှိသေးတယ်။

အိုးကို ဘာကြောင့်သုံးသလဲလို့ စဉ်းစားလိုက်ရင် အိုးကို ဘယ်တုန်းက စသုံးတယ်ဆိုတာကို မှန်းလို့ ရနိုင်ပါတယ်။ ပထမဦးဆုံး ကုန်ပစ္စည်းထုတ်လုပ်တဲ့ လက်နက်ကိရိယာတွေကောင်းလို့ ကုန်အထွက်ပိုလာတဲ့အခါကျတော့ သိုလှောင် ထားဖို့ ပစ္စည်းရှိလာမယ်။ လူကိုလူချင်း ခေါင်းပုံဖြတ်တဲ့စနစ်ကြောင့် ပစ္စည်းတွေ

mgyoe.com

mgyoe.com


အလျှံပယ်ပေါတဲ့လူ ရှိလာတယ်။ အဲဒီလူက သိုလှောင်ဖို့ အားထုတ်တယ်ဆိုပါတော့။ ဒုတိယစဉ်းစားစရာက လူတွေဟာ ရာသီဥတု သိပ်မဆိုးတော့လို့ တောင်ပေါ်မှာ ဂူအောင်းရာကနေပြီး မြေပြန့်ကို ဆင်းလာကြပြီလေ။ တောင်ပေါ်နေတုန်းကတော့ ရေသယ်တဲ့အခါ ဝါးကျည်တောက်ဟာ အကောင်းဆုံးဖြစ်ပေမဲ့ မြစ်ရိုးမှာ ရွာတည်ပြီးနေတော့ ကွဲလွယ်တယ်ဆိုပေမဲ့လည်း မြေအိုးသုံးချင်လာမယ်။ တတိယပြောစရာက အဲဒီအစောပိုင်းကပဲ အတော် လှပပြေပြစ်တဲ့ အိုးတွေတွေ့ရလို့ အိုးထိန်းသည်ဆိုတဲ့ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ရှိပြီလို့ ဆိုနိုင်တယ်။ အိုးကိုပဲ သီးသန့်လုပ်ကိုင်တဲ့သူ ရှိလို့သာ ဒီလို လက်ရာကောင်းကောင်းဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ နောက်ဆုံး တင်ပြချင်တာကတော့ ဒီအိုးထိန်းသည်ဟာ ရွှံ့စေးကောင်းကောင်းရတဲ့ မြစ်ဝှမ်းဒေသမှာပဲ နေမယ်။ မြစ်ရိုးမှာ ရွာတွေတည်တယ်။ အဲဒါက အရင် အနှစ် ၉၀၀၀ က ဖြစ်မယ်လို့ မှန်းဆပါတယ်။

အိုးကို နေလှန်းရုံသက်သက်နဲ့ ရေထည့်လို့ မရဘူး။ စင်တီဂရိတ် ၅၀၀ ဒီဂရီအထိ မီးအပူနဲ့ ဖုတ်တဲ့အခါ ရေထည့်လို့ရပြီ။ ဒါပေမဲ့ စင်တီဂရိတ် ၁၁၅၀ ဒီဂရီအထိ အပူပေးလည်း နည်းနည်းတော့ ရေစိမ့်ဦးမှာပါပဲ။ စဥ့်သုတ်လိုက်မှပဲ ရေ ကောင်းကောင်း လုံပေမယ်။ အနောက်အာရှမှာတော့ စဥ့်သုတ်ပညာကို အရင်အနှစ် ၂၉၀၀ ကပဲ တတ်တယ်။

လူတွေအကြိုက် ပြောရရင်တော့ သောက်ရေအိုးကို စဥ့်မသုတ်ပါဘူး။ သောက်ရေအိုးဟာ အပြင်မှာစိုပြီး ရေစက်ကလေးတွေ အောက်ကို တပေါက်ပေါက်ကျနေရင် သိပ်ကျေနပ်တယ်။ ရေပိုအေးတယ် ထင်မိတယ်။ သောက်ရေကိုလည်း တစ်နေ့တစ်ခါဖြည့်ပြီး သုံးလေ့ရှိလို့ စိမ့်ယိုပြီး ကုန်ဆုံးတာကို မမှုဘူး။ ဆီလှောင်မယ်၊ အသီးအရွက်ကို ဆားစိမ်မယ်ဆိုရင် ဒီလို ယိုစိမ့်တာကို ဘယ်လိုမှ သည်းမခံနိုင်ဘူး။ စဥ့်အိုးကိုပဲ သုံးရတော့မယ်။ ဒါကြောင့် မြန်မာ့မြေမှာ စဥ့်သုတ်ပညာ ဘယ်အချိန်ကစပြီး တတ်ကျွမ်းတယ်ဆိုတာ သိဖို့ အရေးကြီးတယ်။ အင်မတန်နောက်ကျခါမှ ဒီပညာကို တတ်ပါတယ်။ စောစောကပြောသလို ခရစ်နှစ် ၁၁ ရာစု ရောက်မှ စဥ့်လုပ်ငန်း ပေါ်တယ်။


ရှေးဟောင်းသုတေသနဌာနက တူးဖော်ပေးလို့ရတဲ့ အရင်အနှစ် ၂၀၀၀ ကျော်က အိုးကို စပြီး လေ့လာရပေမယ်။ ချောအောင်သွေးထားတဲ့ ကျောက်လက်နက်တွေနဲ့ တွဲပြီးတွေ့လို့ ဒီလို နှစ်ကာလ ပိုင်းခြား ခန့်မှန်းနိုင်တာ ဖြစ်ပါတယ်။

တူးဖော်တဲ့နေရာက အမရပူရ တောင်သမန်အင်းစောင်း၊ အော ်ခြင်းရှစ်ပါးကျောင်းနဲ့ မဟာဂန္ဓာရုံ ကျောင်းတိုက်တစ်ဝိုက်မှာ ဖြစ်တယ်။ ဖေဖော်ဝါရီ ၁၉၇၁

mgyoe.com

mgyoe.com


နဲ့ ဇန်နဝါရီ ၁၉၇၂ မှာ နှစ်ကြိမ် တူးဖော်လိုက်တဲ့အခါ လူရိုးအလောင်း အပြည့်အစုံနဲ့ အလောင်းကောင်ရဲ့ ခြေသလုံး တစ်ဖက်တစ်ချက်မှာ အိုးတွေတွေ့တယ်။ (ဓာတ်ပုံကြည့်)။



တောင်သမန်အင်းစောင်းက လူရိုးနဲ့အိုး။


(တူးဖော်တုန်းမှာ ဂရုပြုသင့်သလောက်မပြုလို့ အလောင်းတချို့ ပျက်စီးသွားတယ်လို့ မျက်မြင်ကိုယ်တွေ့ ဒေသခံပုဂ္ဂိုလ်တချို့က ပြောဖူးပါတယ်)။

တူးလို့ရတဲ့အိုးတွေဟာ အိုးထိန်းစက်နဲ့ထွင်းတဲ့ အိုးတွေဖြစ်တယ်။ အမျိုးအစားအနေနဲ့ ကိုးမျိုး တွေ့တယ်။


(၁) နှုတ်ခမ်းမတင်တဲ့ ဖင်လုံးအိုး (ပုံ ၁၊ က)။

mgyoe.com

mgyoe.com


mgyoe.com



ဋ ဌ ဍ

ပုံ(၁)တောင်သမန်အိုးပုံစံ။

(၂) အဝကျယ် နှုတ်ခမ်းတင် ဖင်လုံးအိုး (ပုံ ၁၊ ခ)။
(၃) အဝကျဉ်း နှုတ်ခမ်းတင် ဖင်လုံးအိုး (ပုံ ၁၊ ဂ)။
(၄) ဓောက်နက်အင်တုံ (ပုံ ၁၊ ဃ)။
(၅) ငရုတ်ဆုံ (ပုံ ၁၊ င)။
(၆) ခြေရှည်ကလပ် (ပုံ ၁၊ စ)။
(၇) လယ်ပေါ်နှစ်ဆင့် ရေတကောင်း (ပုံ ၁၊ ဆ)။
(၈) ကြိုးဆွဲအမွေးအထုံ ရှိအိုးအမျိုးမျိုး (ပုံ ၁၊ ဇ၊ ဈ၊ ည)။
(၉) ဆီမီးခွက်အမျိုးမျိုး (ပုံ ၁၊ ဋ၊ ဌ၊ ဍ) ဖြစ်ပါတယ်။
ပုံစံနဲ့ အရွယ်အစားကြည့်ရုံနဲ့ ဘာသုံးတဲ့ အိုးတွေ ခွက်တွေဖြစ်တယ်လို့



ပုံ(၂) တောင်သမန်အိုးပေါ်က ဒီဇိုင်း။

mgyoe.com


mgyoe.com


သိနိုင်လောက်ပါတယ်။ ဒါပေမဲ့ အိုးပါးပါးချောချော အမျိုးအစားမျိုး မဟုတ်သေးဘူး။ မလုပ်တတ်သေးဘူးထင်တယ်။ ပုံစံအနေနဲ့ ခြေရှည်ကလပ်ဟာ ဆန်းတယ်။ 'ရှန်ပိန်ဖန်ခွက်' နဲ့ တော်တော်တူတယ်။ မူးရစ်စေတတ်တဲ့ စိမ်ရည်တစ်မျိုးမျိုးကို သောက်တဲ့ခွက် ဖြစ်နိုင်ပါတယ်။ စိုက်ပျိုးရေးပညာ တတ်တဲ့အခါ ဆန်ကို ကဇော်ပေါက်အောင်စိမ်တဲ့ ပညာလည်း တစ်ပါတည်းတတ်တယ်လို့ ယူဆနိုင်ပါတယ်။

အပြောက်ရိုက်တဲ့အခါ သုံးတဲ့ ဒီဇိုင်း(ပုံ ၂)တွေကလည်း ရိုးရိုးနဲ့ကြည့်ကောင်းပြီး အတွေ့အကြုံတစ်မျိုးမျိုးရဲ့ ခံစားချက်ကို တင်ပြတဲ့သဘော ပါနေတယ်လို့ မှန်းဆနိုင်ပါတယ်။ ဒီ (အပြောက်အမွမ်း)ပုံတွေက အိုးထဲက လက်ခုခံပြီး အပြင်သားကို လက်ခတ်နဲ့ရိုက်လို့ ထင်နေတာမျိုးလည်း မဟုတ်ဘူး။ လက်နဲ့အစင်းအကြောင်းပေါ်အောင် ခပ်သွက်သွက်ဆွဲတဲ့ ပုံမျိုးတွေပဲ ဖြစ်တယ်။

အတွေ့ရများတဲ့ ဒီဇိုင်းကတော့ ဘီးသွား (ပုံ ၂၊ က) ပါပဲ။ ဒါပေမဲ့ အဆင်းအတက် ခြစ်ကြောင်းတစ်ထပ် (ပုံ ၂၊ ခ) နှစ်ထပ် (ပုံ ၂၊ ဂ) လည်း တွေ့ပါတယ်။ တြိဂံထဲမှာ မိုးစက်အစွေ (ပုံ ၂ ဃ) မိုးစက်အဝိုက် (ပုံ ၂၊ င) တွေလည်း ဆွဲတတ်တယ်။ တြိဂံ၊ စတုဂံနဲ့ ဂျိတ်(ပုံ ၂၊ စ )ကိုလည်း ရောဆွဲသေးတယ်။ လှိုင်းတွန့်လိုလည်း သုံးမျိုးလောက်တွေ့တယ်။ (အချိတ်ခေါ်လေမလား မသိဘူး)။ လှိုင်းအိ (ပုံ ၂၊ ဆ) လှိုင်းကြက်ခွပ် (ပုံ ၂၊ ဇ)နဲ့ လှိုင်းပျက်ပျက် (ပုံ ၂၊ ဈ) ပုံတွေပါပဲ။ ရေပြင်ကျယ်ကျယ် အင်းစောင်းမှာ နေတဲ့လူတွေဆိုတော့ လှိုင်းပုံစံအမျိုးမျိုး ဆွဲတတ်တယ်လို့ပြောရင် ဖြစ်မလားမသိဘူး။ ထူးခြားတဲ့ ဒီဇိုင်းတစ်ခုကိုလည်း တွေ့ပါတယ်။ ရှမ္ဗျော်ခင်းကားမျိုးဖြစ်တယ်လို့ ပြောလို့တောင်ရတယ်။ (ပုံ ၃) ရေလှိုင်းပျက်ပျက်ပေါ်မှာ ပွင့်နေတဲ့ ကြာပဲလို့ ပြောချင်မိတယ်။

(ဆေးရောင်တင်ထားတဲ့ အိုးကွဲ တောင်တွေ့တယ်လို့ ပြောတယ်။ ဒါပေမဲ့ အသေအချာမသိရသေးလို့ ဒီမှာ မဆွေးနွေးဘဲ ချန်ခဲ့ဦးမယ်)။



ပုံ (၃) တောင်သမန်အိုးပေါ်က လှိုင်းစီတဲ့ကြာဒီဇိုင်း။

mgyoe.com

အိုးပုံစံလည်းလှတယ်။ ဒီဇိုင်းလည်း အဆင့်မြင့်တယ်။ ဒီတော့ တောင်သမန်ကလူတွေရဲ့ ဓလေ့ဟာလည်း မြင့်တယ်လို့ မှန်းဆနိုင်ပါတယ်။ ဘယ်အချိန် ဘယ်ကာလက ဒီလူတွေ ထွန်းကားခဲ့သလဲလို့ အတိအကျ ပြောနိုင်ဖို့ကတော့ ကာဗွန် (၁၄) ရဲ့ ရက်စွဲအဖြေကို စောင့်ဖို့ပဲရှိတယ်။ ဒါပေမဲ့ သဲလွန်စရနိုင်စရာကတော့ သချိုင်းမှာတွေ့တဲ့ ဒီအိုးတချို့ထဲမှာ သံဓားသွားလိုဟာမျိုးလည်း ပါနေပြီလို့ သိရတယ်။ ပိဿနိုးဟာ သချိုင်းအိုးမှာလည်း ဒီလိုပဲသံတိုသံစတွေ့တယ်။ ပိဿနိုးကို ခရစ်နှစ် ၁ မှ ၅ ရာစုလို့ ယူဆလျှင် တောင်သမန်က ဒါထက် နည်းနည်းစောမယ်။ ၁ ရာစု ဘီစီ (ခရစ်မတိုင်မီ) လို့ မှန်းရမယ်ထင်ပါတယ်။


* * *

mgyoe.com

mgyoe.com


# မြန်မာ့အိုးသမိုင်း (၂)

ပိသာနိုး တူးဖော်ရေးကြောင့် အရင်အနှစ် ၂၀၀၀ က ၁၅၀၀ အတွင်း ထွန်းကားခဲ့တဲ့ဓလေ့ကို လေ့လာခွင့်ရပါတယ်။ တွေ့ရတဲ့ အိုးတွေကတော့ အမျိုးအစားအနေနဲ့ ငါးမျိုးတွေ့ပါတယ်။ (၁) သင်္ချိုင်းအိုး၊ (၂) သိုလှောင်အိုး၊ (၃) ချက်အိုးပြုတ်အိုး၊ (၄) စားခွက်၊ (၅) သောက်ခွက်တွေပါပဲ။ ဒီအထဲမှာ သင်္ချိုင်းအိုးက ပုံစံ အထူးထူးအထွေထွေ တော်တော်များတယ်။ (က) တချို့က ဘုန်းကြီးသပိတ်ပုံ၊ (ခ) တချို့က ဝမ်းပူပူနဲ့ အိုးပုံစံရှိုးရှိုးမှာ သပိတ်ဖုံးနဲ့တူတဲ့ စလောင်းပါတယ်။ (ဂ) အများစုကတော့ ဝါးကျည်တောက်ပုံမှာ ခွေအရစ်တွေ များများထည့်ထားတယ်။ (ဃ) သံငရုတ်ဆုံလို မှောက်ထားတာမျိုးလည်း ရှိပါတယ်။ (င) ဘူးခါး



ပုံ (၄) ပုံဆန်းလှတဲ့ ပိသာနိုးသင်္ချိုင်းအိုး။


mgyoe.com



ပုံ (၅) နှုတ်ခမ်းနှစ်ရစ်ပါတဲ့ ပိသနိုးချက်ပြုတ်အိုး။

ပုံလည်း ရှိသေးတယ်။ (စ) ခုခေတ်သုံး အိုးတွေထဲက ဘယ်ပုံစံနဲ့မှမတူတဲ့ ပုံဆန်းဆန်း (ပုံ ၄) လည်း ရှိတယ်။

သိုလှောင်အိုးဆိုတာကတော့ ခုခေတ် စဉ့်အိုးနဲ့ ပုံစံတူမယ်။ ဒါပေမဲ့ စဉ့်သုတ်ထားတာတော့ မဟုတ်ပါဘူး။ ပိသနိုးတူးဖော်ပုံ အစီရင်ခံစာတွေထဲမှာ စဉ့်သုတ်အိုးခွက်တွေ့တယ်လို့ မပါဘူး။ ချက်အိုးပြုတ်အိုးတွေထဲမှာ နှုတ်ခမ်းနှစ်ရစ်နဲ့ အိုး (ပုံ ၅) ကို ထူးထူးခြားခြား တွေ့ရပါတယ်။ အိုးရဲ့အလယ်ပိုင်း ဝမ်းပူပူကနေပြီး လည်ပင်းဘက် စသိမ်းတဲ့နေရာမှာ နှုတ်ခမ်းတစ်ခု ထည့်ထားတယ်။ ဒီတော့ ခွင်ပေါ်မှာ တင်ထားတဲ့အခါ အောက်ကမီးညွန့်က အိုးအဝက နှုတ်ခမ်းထိအောင် တက်မဟပ်တော့ဘူး။ ဒါကြောင့် ခွင်ပေါ်ကအိုးကို ဆွဲချတဲ့အခါ လက်နှီးလက်ခု



ပုံ (၆) ပိသနိုးသောက်ရေခွက်။

မကိုင်ရတော့ဘူးပေါ့။ ဒီလောက်ကောင်းတဲ့ မွမ်းမံဖြည့်စွက်ချက်ကို နောက်ပိုင်းလူတွေ ဆက်မသုံးကြတာ အံ့သြဖို့ကောင်းလှတယ်။


စားခွက်မှာ ပုံဆန်း မတွေ့ပါဘူး။ ဇောက်နက်၊ ဇောက်တိမ်ကွဲတယ်။ ဗျက်ကျယ်တာမျိုးလည်း ရှိတယ်။ တကယ်ကတော့ သစ်စေးသားရိုးကိုင် သစ်သားဒေါင်းလန်းကို ရှေးရှေးကပဲ သုံးလာခဲ့မယ်ဆိုရင် စားခွက်ကို မြေနဲ့လုပ်တော့မယ် မထင်ဘူး။ အဲဒီတုန်းက မြေနဲ့လုပ်တဲ့ အင်တုံဟာ သိပ်လေးလံမယ်ထင်တယ်။

mgyee.com

mgyoe.com

ပိုကောင်းတာရှိနေတော့ မြေခွက်ကို ကောင်းသထက်ကောင်းအောင် မမွမ်းမံနိုင်တော့ဘူးလို့ ဆိုနိုင်ပါတယ်။ နိုင်ငံခြားက ကြွေခွက်ဝယ်ရပြန်တော့ သစ်သားဒေါင်းလန်းကို ပစ်လိုက်ကြပြန်တယ်ပေါ့။ ဒီလိုနဲ့ပဲ တချို့ တိုင်းရင်းသားပစ္စည်းလုပ်ငန်းတချို့ဟာ ဆက်ပြီး ကြီးထွားရှင်သန်ခွင့်မရတော့ဘူး။ ရေသောက်ခွက်ပုံစံကလည်း ခွာဆင်းကလေးပါတဲ့ ရိုးရိုးခွက်မျိုးပါပဲ။ ပုံ (၆)

ကြမ်းမှာ တည်လို့ကောင်းတဲ့ ဖင်ပြားအိုးလည်း တွေ့ရဖူးပါတယ်။




ပုံ (၇) ဗိဿနိုးအိုးပေါ်က ဒီဇိုင်း (က။ အပြောက်အမွှမ်း။ ခ။ ကြာ၊ ဂ။ လူ၊ ဃ။ တိရစ္ဆာန်၊ င။ ယုံကြည်မှုသင်္ကေတ၊ သိရိဝစ္ဆ၊ ကလသာ၊ တိတ္ထိမုခဆိုတာတွေများ ဖြစ်မလားမသိ)။

mgyoe.com

mgyoe.com


သောက်ရေကို ဘူးခါးထဲထည့်ပြီး ဒီအတိုင်း မော့သောက်ပုံမျိုးကို တချို့ဒေသမှာ ယနေ့အထိ သောက်တုန်းမို့ ရှေးအခါကလည်း ဘူးခါးကိုပဲ တစ်ခါတည်း မော့သောက်ရတဲ့ ရေတကောင်းသဘောမျိုး သုံးမယ်ဆိုရင် ရေသောက်ခွက်ရယ်လို့ သပ်သပ်မလိုတော့ဘူးပေါ့။ ဒါကြောင့်လည်း ရေသောက်ခွက် များများစားစား တူးဖော်မရတာလို့ ထင်မိပါတယ်။

ပိသနိုးအိုးပေါ်က ဒီဇိုင်းကို လေးစား ခွဲလို့ရပါတယ်။ အပြောက်အမွမ်း (ပုံ၊ ၇ က)၊ ကြာ (ပုံ၊ ၇၊ ခ)၊ လူ (ပုံ ၇၊ ဂ)၊ တိရစ္ဆာန် (ပုံ ၇၊ ဃ) နဲ့ ယုံကြည်မှု သင်္ကေတ (ပုံ၊ ၇ င) တွေပါပဲ။ အပြောက်အမွမ်းဆိုတာကတော့ မျဉ်းကြောင်းကိုပဲ ထောင်လို့တစ်မျိုး၊ လှဲလို့တစ်မျိုး၊ စောင်းလို့တစ်မျိုး၊ လှိုင်းတွန့်၊ တြိဂံ၊ စတုဂံ၊ မှန်ကူကွက်ဆိုတာတွေပါပဲ။ သိပ်တော့ ဆန်းလှတယ်လို့ မဆိုနိုင်ပါဘူး။ မျဉ်းဖြောင့်ကိုသာ သုံးတယ်။ မျဉ်းကောက်ကို စက်ဝန်း၊ ဆင်စွယ်ဝန်း၊ ဘူး၊ ဘဲဥ၊ ငွေလိမ်၊ ခရုပတ်ဆိုတာမျိုးတွေ မရှိပါလားလို့ သတိထားမိတယ်။ ကြာတံဆိပ်ဆိုတာမှာလည်း ရိုးတံ အရွက်အပွင့်ဆိုတာမျိုး မပတ်ဘဲ ကြာပွင့်ဖတ်ကို သာမညယူပြီး ဆန်းကြယ်အောင် ထွင်ပြင်ယူတဲ့ ပုံမျိုးတွေဖြစ်တယ်။ လူပုံကတော့ နည်းနည်းစဉ်းစားစရာ ပါတယ်။ ထီးမိုးထားတဲ့ အောက်မှာ ဒူးတစ်ဖက်ထောင်တစ်ဖက်လှဲ (လိလာသန)ထိုင်တဲ့ ပုဂ္ဂိုလ်ဟာ နောက်ပိုင်းမှာတော့ ဘုရားလောင်းမင်းကို ရည်ညွှန်းတတ်တယ်။ ပိသနိုးကောင်းစားစဉ်အခါကတော့ ဘာကို ညွှန်းမယ်မသိဘူး။ ကျန်နှစ်ဦးကတော့ သွက်လက်ခွဲ့ပျောင်းတဲ့ ကချေသည်တွေလားလို့ ထင်ရတယ်။

တိရစ္ဆာန်ဆိုတာတွေက ငါးနှစ်ကောင်ရယ်၊ ဟင်္သာလ့ အကောင်ရယ်၊ မြင်းလို အကောင်ရယ် တွေ့ရတယ်လို့ ထင်တယ်။ ငါးဆိုတာ ဉချတဲ့အခါ အသိန်းအသန်း ချတာမို့ တိုးပွားခြင်းမင်္ဂလာ အတိတ်ယူတယ်လို့ ဆိုရလေမလား။ ဟင်္သာလို မြင်းလိုအကောင်က လျင်မြန်တဲ့ အတိတ်ဖြစ်မလား မှန်းရပါတယ်။

ယုံကြည်မှုဆိုတာကလည်း အမှန်ပါပဲ။ ပိသနိုးမှာ တူးဖော်ကြည့်တဲ့အခါ နတ်ရုပ်၊ ဘုရားရုပ် ဘာမှမတွေ့တော့တာ ကိုးကွယ်တယ်လို့ ဘယ်သူမှ မပြောတတ်အောင် ဖြစ်နေတယ်။ အဲဒီတော့ ကျက်သရေအတိတ်ဆောင်တဲ့ သိရိဝစ္ဆ၊ ပြည့်စုံခြင်းအတိတ်ဆောင်တဲ့ ကလသာအိုး၊ ရန်မျိုးလုံကိတ္တိမုခဆိုတာတွေ ဖြစ်ချင်ဖြစ်မယ်။ အတွေးနယ်ကျွံတာလည်း ဖြစ်သွားနိုင်တယ်။ စောစောကပြောသလို စက်ဝန်းမျဉ်းကောက်မရှိဘူးဆိုတာ မမှန်ဘဲ အခုပြောတာတွေပဲ စက်ဝန်းမျဉ်းကောက်နဲ့ဆွဲတဲ့ ဒီဇိုင်းတွေလည်း ဖြစ်နိုင်ပါတယ်။

mgyoe.com

mgyoe.com



တောင်သမန်ဒီဖိုင်းနဲ့ မတူတာက ဟိုမှာ ခြစ်ကြောင်းကို အလွတ်ရေးဆွဲပေမဲ့ ဒီမှာ လက်ရိုက်နဲ့ရိုက်ပြီး အပြောက်ဖော်တာရယ်၊ တလိမ့်တုံးနဲ့လှိမ့်ပြီး အရုပ်ဖော်တာရယ်တို့ တိုးတက်နေတာ တွေ့ရပါတယ်။

ပိဿနိုးမှာ မီးဖုတ်ထားတဲ့ မြေပုတီးစေ့လို အလုံးတွေ အများကြီးပဲ တွေ့သေးတယ်။ တချို့ကတော့ လည်ဆွဲ ပုတီးစေ့အနေနဲ့ အမှန်တကယ်သုံးခဲ့တာ ဖြစ်နိုင်ပါတယ်။ တချို့ကတော့ ရက်ကန်းစင်မှာ ချည်မျှင်ကို အောက်ကဆွဲချထားတဲ့ အလေးတုံးကလေးတွေ ဖြစ်နိုင်တယ်။ ချည်ကျစ်တဲ့ ရစ်တန်သီးလည်း ဖြစ်နိုင်ပါတယ်။

အဝိုင်းကြီးကြီး ပြားပြားကတော့ ကလေးကစားစရာ ရုပ်ဒိုးဖြစ်မယ်ပေါ့။ ကလေးကစားစရာ နွားလို့ ထင်ရတာတစ်ရုပ်၊ ဖားလို့ထင်ရတာတစ်ရုပ်လည်း တွေ့သေးတယ်။ ခရုလို လိမ်တက်နေတဲ့ မီးဖုတ်ရွှံ့တုံး ထိပ်ချွန်းကလေးတွေလည်း တွေ့တယ်။ ဘာသုံးမယ်လို့ နည်းနည်းမှ မခန့်မှန်းတတ်ဘူး။ ပြီးတော့ ကိန္နရီလို့ ထင်ရတဲ့ ရွှံ့ရုပ်တစ်ရုပ်လည်း တွေ့သေးတယ်။ ကိုးကွယ်တဲ့ အမိနတ်သမီးရုပ် ဖြစ်ချင်ဖြစ်မယ်။

မြေဆေးတံတစ်ခုလည်း တွေ့တယ်။ နောက်ပိုင်းသုံး ပစ္စည်းဖြစ်မယ်ထင်ရတယ်။ ရွှံ့ပြားပေါ်မှ တံဆိပ်ခတ်ထားတဲ့ အတုံးကလေးတွေ့ပါသေးတယ်။ ပုတီးစေ့ကလွဲလို့ ကျန်တာတွေက တစ်မျိုးတစ်ခုဆိုသလို တွေ့ရလို့ အနက်မဖော်သာဘူး။

တလိမ့်တုံးနဲ့ ပန်းဖော်တယ်ဆိုတာကို နည်းနည်း ချဲ့ထွင်စဉ်းစားတဲ့အခါ ပိဿနိုးနဲ့ အနောက်တိုင်းရောင်းဝယ်မှု ဆက်ဆံဖူးမယ်လို့ ထင်မိပါတယ်။ တလိမ့်



ပုံ (၈) ခုခေတ်စေတီပုံပေါ်နေတဲ့
ဟန်လင်းသချိုင်းအိုးဖုံး။

mgyoe.com

mgyoe.com


တုံးနဲ့ အိုးမှာ ပန်းဖော်တဲ့ပညာဟာ ရောမတိုင်းသားတွေ ခရစ်နှစ်ဦးကစပြီး တီထွင်ခဲ့တဲ့ ပညာဖြစ်တယ်။ ကုလားပြည် မဒရပ်အထက် အရိကမေဒုမှာ ရောမဒင်္ဂါးလည်း တူးလို့တွေ့တယ်။ ရောမတလိမ့်တုံး ပန်းဖော်အိုးလည်း တွေ့တယ်။ ဒါကြောင့် အိန္ဒိယအရှေ့ကမ်းခြေကို ရောမကုန်သည်တွေ ခရစ်နှစ်အစက ရောက်တယ်လို့ ပြောရမယ်။

ဒီ ရောမသားတွေ ပိဿနိုးကိုရော အဝင်မရှိနိုင်ဘူးလား၊ မရှိဖို့များတယ်။ ဒါပေမဲ့ သူတို့ဆီက ပညာယူပြီး တောင်ပိုင်းအိန္ဒိယသားကတော့ ပိဿနိုးကို ခရစ်နှစ်ဦးမှာ ရောက်တယ်လို့ဆိုရင် ဖြစ်နိုင်စရာရှိတယ်။ ပိဿနိုးအိုးထိန်းသည်ဟာ ဒီ ပန်းဖော်နည်းကို သူ့ဘာသာ ရှာဖွေတွေ့ရှိတယ်လို့ စဉ်းစားလည်း ဖြစ်တာပါပဲ။ သူများသင်လို့ပဲတတ်တတ်၊ ကိုယ့်ဘာသာ ထိုးထွင်းလို့ပဲတတ်တတ် ပိဿနိုးအိုးထိန်းကိုတော့ ဒီပညာအတွက် ချီးမွမ်းနိုင်ပါတယ်။

ဟန်လင်းအိုးကို လေ့လာကြဦးစို့။ ဟန်လင်းမှာ ပြောင်ချော ကျောက်လက်နက်တွေ တွေ့တယ်ဆိုပြီး ဒီနေရာဟာ သိပ်ရှေးကျတယ်လို့ ယူချင်ယူတော့။ သိပ်မသေချာဘူး။ ခရစ်နှစ် ၄–၉ ရာစုအတွင်းက ထွန်းကားခဲ့တဲ့ မြို့လို့ယူရင် ပိုမှန်တယ်။ ရှေးဟောင်းသုတေသနကတူးတော့ အိုးကွဲ ၁၅၀၀၀ တွေ့တယ်။ စဉ့်အိုးကွဲ တစ်ခုတစ်လေမှ မပါဘူး။ စဉ့်အိုးမရှိသေးလို့ပေါ့။

တွေ့ရတဲ့ အိုးပုံစံကတော့ ပိဿနိုးမှာ လိုပဲ အထူးအထွေ ဆန်းပြားတာတွေ ရှိတယ်။ အုပ်စုခွဲလိုက်ရင် (က) သချိုင်းအိုး၊ (ခ) သိုလှောင်အိုး၊ (ဂ) ချက်ပြုတ်အိုး၊ (ဃ) ရေသောက်ခွက်နဲ့ (င) ဆီမီးခွက်တွေပါပဲ။ လူချမ်းသာက သေသူရဲ့ အရိုးပြာကို အင်မတန် လှတဲ့အိုးနဲ့ ထည့်မယ်။ လူဆင်းရဲကတော့ အိုးဖြစ်ပြီးရော သုံးရမှာပါပဲ။ အင်မတန် ဆန်းတယ်လို့ ထင်ရတဲ့ အိုးဖုံး (ပုံ ၈)တစ်ခု တွေ့ရပါတယ်။ ခုခေတ် စေတီပုံ အတိုင်းပဲ။

စွယ်စုံကျမ်း (တတိယတွဲ၊ စာမျက်နှာ ၄၂၇)မှာ ဒီပုံမျိုးဟာ အေဒီ ၁၁ ရာစုနှစ်နှောင်းရောက်မှ ပေါ်တယ်လို့ ရေးထားတယ်။ အေဒီ ၄ ရာစုနှစ်လောက်ကပဲ ရှိနေပြီလို့ ပြင်ရမယ်ထင်တယ်။ အိန္ဒိယစန်ချီက ၂ ရာစုနှစ် ဘီစီလက်ရာ ထူပါရုံ စေတီကြီးပုံမျိုးကို အေဒီ ၁၇ ရာစုနှစ် တစ်ဝက်ရောက်တော့ ပြန်သုံးတဲ့အနေနဲ့ စစ်ကိုင်းကောင်းမှုတော်ကို တည်ဆောက်ပုံမျိုးလို့ အခုပြောတဲ့ပုံဟာ ၄ ရာစုကပဲ ရှိခဲ့ပြီး ၁၁ ရာစုကျတော့ ပြန်သုံးပြန်တယ်ပြောရင် ပိုမှန်မယ်ထင်မိတယ်။ မြန်မာနိုင်ငံကို ဗုဒ္ဓသာသနာရောက်ကတည်းက ဒီပုံမျိုးရှိခဲ့တယ်လို့ ဆိုကြပါစို့။

ပြည်မြို့ အရှေ့တောင် လေးမိုင်ကွာက မော်ဇာ တူးဖော်ရေးကတွေ့တဲ့ အိုး

mgyoe.com

mgyoe.com


တွေအကြောင်း ပြောကြရအောင်။ အခုမော်ဇာဟာ ရှေးရှေးက သရေခေတ္တရာပါပဲ။ အေဒီ ၃–၁၀ ရာစုနှစ်တွေအတွင်းက စည်ကား ကြီးကျယ်ခဲ့တဲ့ မြို့ဖြစ်တယ်။ အိုးပုံစံ များပါရဲ့။ ဒါပေမဲ့ ပိသနိုး၊ ဟန်လင်းကို သာတယ်လို့ မပြောနိုင်ဘူး။ သင်္ချိုင်းအိုးမှာတော့ မြေအိုးအပြင် ကျောက်အိုး၊ ကြေးအိုးရယ်လို့ တိုးလာတယ်။ မင်းနဲ့ မင်းဆွေစိုးမျိုးက သေသူ့အရိုးပြာကို ကျောက်အိုးကြီးတွေက ကမ္ပည်းတပ်ပြီး ထည့်ထားတယ်။ လူချမ်းသာက ကြေးအိုး သုံးမယ်ထင်တယ်။ သာမည သူသူငါငါက မြေအိုးပေါ့။ အိုးမှာ ကမ္ပည်းပါလို့ စာရေးစာဖတ်ပညာ ပေါ်ထွန်းနေပြီလို့လည်း ဆိုရမယ်။ စဥ့်အိုးကွဲတော့ မတွေ့ရသေးဘူး။

အဲဒါကြောင့် မြန်မာ့အိုးသမိုင်း ခေတ်ဦးအတွက် ကောက်ချက်ချနိုင်တာက အေဒီ ၄ ရာစုနှစ် ပိသနိုးမှာ အိုးလုပ်တဲ့ပညာဟာ အင်မတန်မြင့်တဲ့ အဆင့်အထိ တက်လာတယ်။ သရေခေတ္တရာပျက်တဲ့ အေဒီ ၁၀ ရာစုနှစ်အထိ နောက်ထပ် မတိုးတက်တော့ဘူးလို့ ဆိုနိုင်ပါတယ်။

* * *

mgyoe.com

mgyoe.com

# မြန်မာ့အိုးသမိုင်း (၃)

သရေခေတ္တရာပျက်ပြီးနောက် နိုင်ငံရေးသြဇာ တစ်စခန်းထတဲ့ နေရာက ပုဂံပါပဲ။ အဲဒီမှာ အေဒီ ၁၁ ရာစုနှစ်ရောက်တော့ စဥ့်သုတ်ပညာထွန်းကားလို့ အိုးအတတ်မှာ ရှေ့တစ်ဆင့်တိုးတက်လာပြီလို့ ရဲရဲပြောနိုင်ပါတယ်။ စဥ့်ပညာက ဒါ့ထက်စောမယ် မထင်ပါဘူး။ ပုဂံတောင်ဘက် လေးမိုင်ကွာတဲ့ သရိရှာမှာ အရှေ့ဘက်လိပ် အနောက်ဘက်လိပ်ဆိုတဲ့ စေတီနှစ်ဆူ ရှိတယ်။ ငါးရာ့ငါးဆယ် ဇာတ်တော်ကို စဥ့်ပြားမှာ ဇာတ်ကွက်ပုံ ရုပ်ကြွထုပြီး ဘုရားပစ္စယံပတ်ပတ်လည် ကပ်ထားတယ်။ မြေဖုတ်ရွှံ့ပြားပဲ ရှိသေးတယ်။ ဆိုလိုတာက ၁၁ ရာစုဦးမှာတောင် စဥ့်ပညာ မစသေးဘူး။

၁၁ ရာစုလယ်ဖြစ်တဲ့ ငကြွဲနတောင်းဘုရားကျတော့ တစ်ဆူလုံး စဥ့်အုတ်နဲ့ တည်ထားတယ်။ ဒါလောက် ရှားလှတယ်။ အများကြီး သုံးလိုက်မဟော့လို့ ဘုရားတကာက ဂုဏ်ယူတာနဲ့ တူတယ်။ ပုဂံတောင်ဘက် ၂ မိုင်ကွာ မြင်းကပါမှာ စဥ့်ဖိုဟောင်းနေရာတွေ တွေ့ထားပြီ။ ၁၂ ရာစုဦးရောက်တော့ စေတီပတ်လည် အစိမ်းရောင်စဥ့်ကွက်တွေ ဝေနေအောင် ကပ်ထားတာကို တွေ့ကြရပါတယ်။ ဒီစဥ့်သုတ်ပညာကို တရုတ်ကနည်းကို ရှမ်းလက်ထဲကမှ ဗမာကရတယ်လို့ တချို့ ပညာရှင်တွေက ယူဆပါတယ်။

ရှေးဟောင်းသုတေသနဌာနက ပုဂံမှာ သမိုင်းဝင်အဆောက်အဦကို ကြာရှည်ခံအောင် ထိန်းသိမ်းထားတာပဲ မူလလုပ်ထားတယ်။ ဒီတော့ တူးလို့ဖော်လို့ အိုး

mgyoe.com

mgyoe.com


တွေ့ရတယ်လို့ ဘယ်ရှိမလဲ။ ဒါတောင် ဘုရားတွေ ဘာသာပြုကျပြီး ဌာပနာတိုက် ပေါ်လာတာလည်းရှိတယ်။ ဌာပနာတိုက်ထဲက အများဆုံးထွက်လာတဲ့ အိုးက တော့ ဟိန္ဒူတွေရဲ့ လောဟာအိုး (ပုံ ၉) ပါပဲ။

ဒီအိုးပုံစံမျိုးကို ငါးရာ့ငါးဆယ် ဇာတ်ကွက်ထဲမှာ အလှူရေစက်ချတဲ့ အခန်း



ပုံ (၉) ။ ဒီလောဟာအိုးပုံမျိုးတွေ့တဲ့ အရပ်ကို ပုဂံသြဇာ ပျံ့နှံ့ရာအရပ်ပဲလို့ ယူမယ်ဆိုရင်ဖြစ်တယ်။


ဖော်ပြတိုင်း ဒီကရား လက်က ကိုင်ထားတာ တွေ့မယ်။ ပုဂံမင်းနန်းသူက နန္ဒမညာ နံရံဆေးရေး၊ ပုဂံနဲ့ တစ်ခေတ်ထဲလို့ ယူဆရတဲ့ စလေ ရှင်ပင်စာကြို့ ဘုရားဝိုင်း ထဲက စေတီပျက် နံရံဆေးရေးတွေမှာရှာရင် ဒီကရားလက်စွဲပြီး ရေစက်သွန်းနေပုံ အရုပ်တွေ တွေ့မယ်။ ပိဿနိုးနဲ့ တကောင်းမှာ ဒီကရားမျိုး တူးလို့တွေ့တယ်။ ဆက်စပ်တွေ့ရှိတဲ့ တခြားပစ္စည်းတွေကို စွဲပြီး ပုဂံခေတ်ပြိုင်က အိုးတွေပဲလို့ ယူဆချင် ကြတယ်။ ဒီလောဟာနဲ့ ရေစက်သွန်းတဲ့အလေ့က ကုလားပြည်က ဓလေ့ဖြစ်လို့ ပုဂံခေတ်မတိုင်မီကဘဲ မြန်မာ့မြေပေါ်ရောက်တယ်ဆိုရင်လည်း ရမယ်ထင်မိပါတယ်။

ပုဂံမှာ နေ့စဉ် ရေသယ်ရေခပ်တဲ့အိုးကို ပြပါဆိုရင်လည်း ဇာတ်ကွက်စဉ့်ကွင်း မှာပဲ ရှာကြည့်ပါ။ ပိဋကယက္ခမြားချက်နဲ့ သောင်ပြင်မှာ သုဝဏ္ဏသာမလဲနေတော့ သူ့ဆောက ရေအိုးကလေးဟာ ဖင်လုံး၊ လည်ရှည်၊ အဝကျဉ်း၊ နှုတ်ခမ်းထူအိုးပါပဲ။ (ပုံ ၁၀)။ ခုခေတ် လည်ပင်းမရှိသလောက် လည်တိုတဲ့အိုးရဲ့ ဆန့်ကျင်ဘက်ဖြစ် တယ်။

တကောင်းမှာ (အထင်တကြီးနဲ့ သိပ်ဟောင်း တဲ့ပစ္စည်းများ တွေ့မလားလို့ တူးကြတယ်။ တကယ်တွေ့တော့) ဘာပစ္စည်းမှ အေဒီ ၁၂ ရာစုထက် မစောဘူး။

mgyoe.com

mgyoe.com




ပုံ (၁၀) ပုဂံခေတ်က ရေသယ်တဲ့အိုး။

ဒီတော့ တကောင်းမှာ တွေ့တဲ့အိုးတွေဟာ ပုဂံနဲ့ ခေတ်ပြိုင်ဖြစ်တယ်။ ပုဂံခေတ်အိုးပဲ ဆိုကြပါစို့။ အိုးပုံတွေကြည့်ပြီး ချက်ချင်း သတိထားမိတာက သင်္ဂျိုင်းအိုးမပါဘူး။ သေသူကို မီးသင်္ဂြိုဟ်ပြီး အရိုးပြာကို အိုးနဲ့ကောက်တဲ့ အလေ့မရှိဘူးပေါ့။ နောက်တစ်ခု သတိထားမိတာက ပုဂံဘုရားတွေမှာ စဉ့်ကွင်းတွေ သိပ်ပေါတယ်။ တကောင်းမှာ စဉ့်အိုးကွဲ တစ်စမှ မတွေ့ဘူး။ ဟန်လင်းမှာ တူးတုန်းကလိုပဲ ချောအောင်သွေးထားတဲ့ ကျောက်လက်နက်တွေ့တယ်။ ဒါပေမဲ့ တခြားက သယ်လာတာ ဖြစ်ဖို့များပါတယ်။ လှောင်အိုး၊ ချက်ပြုတ်အိုး၊ သောက်ခွက်၊ ဆီမီးခွက်အပြင် ပေါင်းချောင်၊ ပန်းစိုက်၊ သပိတ်တွေလည်း တွေ့တယ်။ အများဆုံးတွေ့တဲ့ အိုးပုံကတော့ အခုအထိ အာလကပ္ပက လုပ်ရောင်းနေတဲ့ ရေအိုး (ပုံ ၁၁) မျိုးပါပဲ။ ဒီပုံစံဟာ အေဒီ ၁၂ ရာစုနှစ်က ယနေ့ထိ မရိုးနိုင်ဘဲ သုံးတုန်းပေါ့။

အစောပိုင်းက အိုးပေါ်က ဒီဇိုင်းတွေဟာ ခါးပတ်ပန်းလို အိုးတစ်ခုလုံးပတ်နေတယ်။ အဲဒါကနေပြီး ၁၂ ရာစု တကောင်းအိုးဒီဇိုင်းတွေကျတော့ အဝိုင်း၊ ဘဲဥ၊ လေးထောင့် မှန်ကူကွက်ထဲမှာ တစ်ကွက်ချင်း ပုံဖော်ထားတယ်။ ရှေးရှေးက အကြိုက်မျိုးတော့ မဟုတ်တော့ဘူး။ တစ်မူ ဆန်းတယ်။ အခုအထိလည်း ဒီ ဒီဇိုင်းပုံစံမရိုးသေးဘူး (ပုံ ၁၂)။


ပုဂံဝန်းကျင်က ကောက်ရတဲ့ အိုးကွဲတွေပေါ်က ဒီဇိုင်းကို ကြည့်ပြန်တဲ့အခါ ဒီလိုပဲ အဝိုင်း မှန်ကူဆိုတာတွေထဲမှာ ပုံဖော်ထားတာကို တကောင်းသဘောမျိုး တွေ့ရလို့ အံ့သြရတယ်။ (ပုံ ၁၃)။

mgyoe.com

ပုံ (၁၁) အေဒီ ၁၂ ရာစုနှစ်က
ကနွေ့ထိမရှိးနိုင်တဲ့ အိုးပုံစံ။


ဒီလိုပဲ တံတားဦးမှာ ကောက်ရတဲ့ အိုးကွဲကို အင်းဝခေတ်ကအိုးလို့ ယူဆရင် ဖြစ်နိုင်စရာရှိပါတယ်။ အေဒီ ၁၄ ရာစုလက်ရာ ဆိုကြပါစို့။ ပုဂံ တကောင်း အမူ အတိုင်း ရိုးရာမပျက် စက်၊ မှန်ကူဆိုတဲ့ အဝိုင်းအကာတွေထဲမှာ ပုံဖော်ထားကြပါ တယ်။ ဒါပေမဲ့ ရေးဆွဲတဲ့ အရုပ်သဘော ပြောင်းလာခဲ့ပြီလို့ သတိထားမိတယ်။ ရေလှိုင်းတွေ စပါးနှံတွေကို တွေ့နေရပါပြီ။ ပုဂံပျက်ပြီး နိုင်ငံပြန်ပြီး ထူထောင်တဲ့



ပုံ (၁၃) ကောက်ရတဲ့ ပုဂံအိုးပေါ်က ဒီဇိုင်း။

mgyoe.com

ပုံ (၁၂) တကောင်းအိုးဒီဇိုင်း အေဒီ ၁၂ ရာစုနှစ်။



အခါ စီးပွားရေးကို မူလထားပြီး ထုထောင်ရတယ်လို့ သရုပ်ဖော်နေတာများလားလို့ တောင် တွေးမိတယ်။ (ပုံ ၁၄)

အဲဒီရှေ့ကို ရှေးဟောင်းသုတေသနတူးဖော်ရေးက တူးမပေးသေးလို့ ပြောစရာ တယ် မကျန်တော့ဘူး။ ဒါပေမဲ့ ရှေးမှတ်တမ်းတွေထဲမှာ အနည်းအပါး တွေ့ရပါ သေးတယ်။ ဥပမာ အင်္ဂလိပ်မှတ်တမ်းတွေထဲမှာ အေဒီ ၁၃၅၀ လောက်ကစပြီး ပဲခူးအိုး၊ မုတ္တမအိုးဆိုပြီး စဉ့်အိုးတွေအကြောင်း ဖတ်နေရတယ်။ အိုးတွေက ကြီးကြီး လှလှ ခိုင်ခံ့တယ်။ စဉ့်သုတ်ထားလို့ သိုလှောင်အိုးအဖြစ် သုံးတဲ့နေရာမှာ ဟိုအခါ

mgyoe.com

mgyoe.com




ပုံ (၁၄) ကောက်ရတဲ့ အင်းဝအိုးပေါ်က ဒီဇိုင်း။

က အကောင်းဆုံးပေါ့။ တွဲတေးကလုပ်ပြီး မုတ္တမမှာ နိုင်ငံခြား ပင်လယ်ကူး သင်္ဘောတွေ ရောင်းတယ်လို့ ထင်တယ်။ အိန္ဒိယသမုဒ္ဒရာထဲ သွားလာနေတဲ့ သင်္ဘောတွေမှာ ရေလှောင်တယ်။ ဒီသင်္ဘောတွေကပဲ အိန္ဒိယအနှံ့သုံးဖို့ ဝယ်သွားသေးတယ်။ အိန္ဒိယကိုလွန်ပြီး အနောက်ဘက် အာရေဗျအထိ ပေါက်ရောက်တယ်။ လန်ဒန်မှာ ၁၈၅၁ က အင်ပါယာပြပွဲမှာတောင် ဒီအိုးတွေ အကြီးအသေးစုံ ပြထားတာ တွေ့ရသေးတယ်။


* * *

mgyoe.com

mgyoe.com

## မြန်မာ့အိုးသမိုင်း (၄)

ရခိုင်ဘက်က ၁၄၃၀ မှာ တည်တဲ့ မြောက်ဦး (မြို့ဟောင်း)ဟာလည်း စဥ့်အိုးသမိုင်းလေ့လာဖို့ အချက်အချာစခန်းတစ်ခုပါပဲ။ မြို့နဲ့ ခေတ်ပြိုင်ဖြစ်တဲ့ ထူပါရာမ ဘုရားဝန်းကျင် အုတ်တံတိုင်းမှာ ရောင်စုံ စဥ့်ပန်းပွင့်ကြီးတွေ ကပ်ထားတယ်။ ဝတ်ဆံက စိမ်းပြာ၊ ပွင့်ဖတ် ကြီးက အဖြူ၊ အငယ်က အဝါရောင်တွေ ဖြစ်ပါတယ်။ (ပုံ ၁၅)။



ပုံ (၁၅) မြောက်ဦးထူပါရာမတံတိုင်းပေါ်က
ရောင်စုံစဥ့်ပန်းပွင့်ကြီး၊

mgyoe.com